အင်ကျယ်ကျေးရွာ

အင်ကျယ် ကျေးရွာအုပ်စု၊ ပုသိမ်ကြီး မြို့နယ်

မန္တလေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အင်ကျယ် ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်ကြီးမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ၊ ၂၀၁၈

## **မာတိကာ**

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

**(င) ပညာရေး**

**(စ) ကျန်းမာရေး**

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

(**ဇ**) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

အင်ကျယ်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အင်ကျယ်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့၏မြောက်ဘက်၊ အင်ကျယ်-ကြာနီကန်-မင်းကန်လမ်းဘေးတွင် တည်ရှိသည်။ အင်ကျယ်ကျေးရွာသည် မြောက်လတ္တီကျု (၂၂ ° ၄´ ၉.၉၁၂˝) နှင့် အရှေ့ လောင်ဂျီကျု (၉၆ ° ၁၀´ ၁၉.၀၂ ˝ ) ကြားတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက်(၂၄၅)ပေတွင် တည်ရှိပါသည်။ အင်ကျယ်ကျေးရွာ၏ မြေမျက်နှာသွင်ပြင်မှာ မြေပြန့်အနေအထားဖြစ်ပြီး ကျေးရွာနံဘေးတွင် သခင်မတောင်တော် တည်ရှိပါသည်။

## ၂။ ရာသီဉတုနှင့် သဘာဝအရင်းအမြစ်များ

အင်ကျယ်ကျေးရွာသည် နှစ်စဉ်ဒီဇင်ဘာလအထိ ပျမ်းမျှ မိုးရွာရက်(၆၅)ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန် (၆၀)လက်မရှိပါသည်။ နှစ်စဉ်အနိမ့်ဆုံးအပူချိန် ၂၅°C မှ အမြင့်ဆုံးအပူချိန် ၃၈°C အထိ ရှိပါသည်။ စပါး စိုက်ပျိုးနိုင်သော လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ ကိုင်း/ကျွန်းမြေ၊ စားကျက်မြေများရှိပြီး မိုးရေနှင့် ဆည်ရေကို အဓိကအသုံးပြုပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့၊ သခင်မတောင်ဂေါပကအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ မွန်မြတ်သူပရဟိတအဖွဲ့၊ သာယာရေးအဖွဲ့၊ ကျေးရွာမြစိမ်းရောင်ကော်မတီနှင့် မီးကော်မတီအဖွဲ့များ ဖွဲ့စည်းထားပါသည်။ ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေး ကိစ္စကြီးငယ် ပေါ်ပေါက်လျင် ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ ခြုံငုံ၍ သုံးသပ်ရလျှင် သာရေးနာရေးကိစ္စ များနှင့် ကျေးရွာဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိပါ။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ကျေးရွာတွင် လယ်မြေ(၈.၅) ဧကရှိပြီး၊ နှစ်စဉ် ကျေးရွာမှ မိုးစပါး တင်းရေ(၉၀၀)နှင့် နွေစပါးတင်းရေ(၆၅၀) ခန့်ထွက်ရှိသည်။ စပါးစိုက်ပျိုးရာတွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးလေ့ရှိပါသည်။ နွေစပါးကို **တန်ခူးလမှာ စိုက်ပျိုး၍ ဝါဆိုလတွင် ရိတ်သိမ်းကြပါသည်။** နွေစပါးအထွက်နှုန်းမှာ အများဆုံး (၁၂၀)တင်းဖြစ်ပြီး အနည်းဆုံး(၈၀)တင်းဖြစ်ပါသည်။ **မိုးစပါးကို တော်သလင်းလတွင်စိုက်ပျိုး၍**

**နတ်တော်လတွင် ရိတ်သိမ်းပါသည်။** မိုးစပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၁၀၀)တင်း ဖြစ်ပါသည်။ ဥယျာဉ်ခြံမြေနှင့် ကိုင်း/ကျွန်းမြေများတွင် ငှက်ပျော၊သရက် စသည့်သီးနှံများ စိုက်ပျိုးကြပါသည်။

စပါးရောင်းချမှုမှာ ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှု အသင့်အတင့်သာ ရှိပါသည်။ ငှက်ပျောစိုက်ပျိုးခြင်းမှဝင်ငွေ အသင့်အတင့်ရရှိသော်လည်း သရက်စိုက်ပျိုးမှုမှာ ရာသီဥတုနှင့် ဈေးကွက်ပေါ်မူတည်၍ အကျိုးအမြတ်ရရှိမှု အသင့်အတင့်ရှိပါသည်။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့်အတွက် လူငယ်များသည် ကျေးရွာပြင်ပသို့ ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံ ထုတ်လုပ်မှုတွင် လုပ်သား ရှားပါးလာပါသည်။ ထို့ပြင် သီးနှံများအား အဆင့်မြင့်စားသောက်ကုန်များအဖြစ်ပြောင်းလဲထုတ်လုပ်နိုင်မှုမရှိသည်ကို တွေ့ရှိရပါသည်။

ဆည်မြောင်းရေရရှိခြင်းသည် သီးထပ်စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းကောင်း တစ်ခုဖြစ်သည်။ သို့သော် သီးနှံထုတ်ကုန်များအတွက် စိုက်ပျိုးရေးနည်းပညာများ၊ ဈေးကွက်အချိတ်အဆက်နှင့် ရောင်းချရေးစနစ်များဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုက စွမ်းဆောင်နိုင်ခြင်းမရှိပါ။

အခြားသား၊ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်မှု လုံးဝမရှိသည်ကို တွေ့ရှိရပါသည်။

မွေးမြူရေးကဏ္ဍအနေဖြင့် ကျေးရွာတွင် နွားနှင့်ကြက် အဓိကမွေးမြူကြပြီး နွားအကောင်ရေ (၂၃၇)ကောင်၊ ကြက်အကောင်ရေ (၂၂၅)ကောင် မွေးမြူထားသည်ကို တွေ့ရှိရပါသည်။ အခြားတိရစ္ဆာန်များအနေဖြင့် ဝက်(၉၁)ကောင်၊ နို့စားနွား(၅၈)ကောင်၊ မြင်း(၁)ကောင်၊ ဆိတ် (၉၀)ကောင်နှင့် ဘဲ(၈)ကောင် မွေးမြူထားပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**ကျေးရွာတွင်အိမ်ထောင်စု ၆၀%ခန့်သည် ကိုယ်ပိုင်ရေတွင်းများသုံးစွဲနိုင်ကြသည်။ ကျေးရွာတွင် ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် ကိုယ်ပိုင်ရေတွင်းများမှရေနှင့်သောက်ရေသန့်ဘူး ကို အသုံးပြုကြပါသည်။ သောက်ရေသန့်ဘူးဝယ်ယူသုံးစွဲခြင်းအတွက် တစ်လလျှင် (၇၀၀၀)ကျပ်ခန့် ငွေကြေးကုန်ကျမှုရှိပါသည်။**

**ကျေးရွာတွင် အထက်တန်းကျောင်းရှိပါသည်။ ကျေးရွာရှိအထက်တန်းကျောင်းတွင်မင်းကန် ကျေးရွာမှ ကျောင်းသား/သူများသာမက အနီးဝန်းကျင်ရှိ ကျေးရွာများမှ ကျောင်းသား/သူများလည်း တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းတွင် သွားရောက်၍ကုသမှုခံယူနိုင်ပါသည်။**

ယခုအခါ ကျေးရွာအိမ်ထောင်စုများ လျှပ်စစ်မီးရရှိနေသည့်အတွက် အိမ်ရှင်မအနေဖြင့်လည်း ယခင်လို ထင်းနှင့် မီးသွေးအသုံးပြုစရာမလိုဘဲ ထမင်း၊ ဟင်းချက်ပြုတ်ခြင်း၊ အဝတ်လျှော်၊ မီးပူတိုက်ခြင်းများ လွယ်ကူစွာပြုလုပ်နိုင်ပြီဖြစ်ပါသည်။ **လျှပ်စစ်ဓါတ်အားသုံး စက်မှု၊လက်မှုလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။**

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

**ငွေကြေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာသည် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာဖြစ်သည့်အတွက် ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ လက်ရှိတွင် မြစိမ်းရောင်ချေးငွေဖြင့် စိုက်ပျိုးရေး(၇၆)ဦးအား ငွေကျပ်(၁၈၈၀၀၀၀၀)၊ မွေးမြူရေး(၉၄)ဦးအား ငွေကျပ်(၁၅၇၅၀၀၀၀)၊ အရောင်းအဝယ်(၅)ဦးအား ငွေကျပ်(၉၀၀၀၀၀) စုစုပေါင်း(၃၅၄၅၀၀၀၀) ချေးငွေထုတ်ချေးထားပါသည်။**

**(င) ပညာရေး**

ကျေးရွာသူ/ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသောကြောင့် ရွာရှိကလေးများ မိမိရွာတွင်သာ အေးအေးဆေးဆေး ပညာသင်ကြားနိုင်ပါသည်။ စာသင်ကျောင်းတွင် ဆရာ/ ဆရာမနှင့် စာသင်ကျောင်းဆောင် လုံလောက်မှုရှိပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များ မရှိပါ။

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပါသည်။ စပါး စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက် နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘုယျအားဖြင့် အာဟာရဓာတ်ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ရရှိကြပါသည်။ ဆေးပေးခန်းတွင် ကျန်းမာရေးဝန်ထမ်း(၁)ဦးသာရှိ၍ ကျန်းမာရေးဝန်ထမ်းထပ်မံ ခန့်ထား

ရန် ကျေးရွာမှဆန္ဒရှိပါသည်။ ကလေးသူငယ်များကျန်းမာရေးအတွက် ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေသြဇာများအသုံးပြုခြင်း ပြုလုပ်လျက်ရှိသော်လည်း သဘာဝသစ်ဆွေးမြေသြဇာများ အတတ်နိုင်ဆုံးထည့်သွင်းအသုံးပြုခြင်းကြောင့် မြေဆီလွှာပျက်ယွင်းမှု မရှိသလောက်ဖြစ်ပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓါတ်ကြွင်း အန္တရာယ်လျော့ပါးရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကိုလိုက်နာဆောင်ရွက်မှု အားနည်းသေးကြောင်း တွေ့ရှိရပါသည်။**

**(ဇ) ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်းစသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များ၊ရှင်ပြုအလှူပွဲများကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပခြင်း စသည်တို့တွင် အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူ အခွင့်အရေး ရှိပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
| --- | --- | --- | --- |
| ၁ | အခြေခံအဆောက်အဦ | ကျေးရွာတွင်းလမ်းများကွန်ကရစ်လမ်းခင်းခြင်း | ၁ |
| ၂ | အခြေခံအဆောက်အဦ | မီးသင်္ဂြိုလ်စက်ဆောက်လုပ်ခြင်း | ၂ |
| ၃ | အခြေခံအဆောက်အဦ | ရေသန့်စက်တပ်ဆင်ခြင်း | ၃ |
| ၄ | စိုက်ပျိုးရေး | စိုက်ပျိုးရေယူမြောင်းကျောက်စီနံရံပြုပြင်ခြင်း | ၄ |
| ၅ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | မီးသတ်ကားဝယ်ယူခြင်း | ၅ |
| ၆ | အခြေခံအဆောက်အဦ | အမှိုက်ကားဝယ်ယူခြင်း | ၆ |
| ၇ | ကျန်းမာရေး | ကျန်းမာရေးဝန်ထမ်းများခန့်ထားခြင်း | ၇ |
| ၈ | လူငယ်နှင့်အားကစား | အားကစားကွင်းခြံစည်းရိုးကာရံခြင်းနှင့် မြေညှိခြင်း | ၈ |

**နောက်ဆက်တွဲ (၁)**

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| **ပြဿနာ** | **ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/ အခြေအနေကောင်းများ** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ** | **ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ** | **ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း** |
|---|---|---|---|---|---|
| **ကဏ္ဍ - အခြေခံအဆောက်အဦ** | | | | | |
| ရွာတွင်းလမ်း မကောင်း ခြင်း။ | လမ်းတွင်ချိုင့်ခွက်များရှိနေခြင်း၊ မိုးရာသီတွင် ရေဝပ်ခြင်း၊ လမ်းဘေးအိမ်များ ရေဝင်ခြင်း။ | နဂိုလမ်းမှာ ကျောက်အမာခံ ရှိခြင်း၊ ကျေးရွာသူ/သားများမှ လုပ်အားပေးလိုစိတ် ရှိခြင်း။ | လမ်းပြုပြင်ရန် ငွေကြေးမပြည့်စုံခြင်း။ | နိုင်ငံတော်မှ ရွာတွင်းလမ်းအတွက် ငွေကြေးထောက်ပံ့ခြင်း ။ | ကျေးရွာတွင်းလမ်း များ ကွန်ကရစ်လမ်း ခင်းခြင်း။ |
| ဂူသွင်းရန် မြေနေရာ မရှိခြင်း။ | သုဿန်မြေနေရာ ကျဉ်းခြင်း။ | မြေနေရာရှိခြင်း။ ကျေးရွာသူ/သားများမှ လုပ်အားပေးလိုစိတ် ရှိခြင်း။ | ငွေကြေးမတတ်နိုင်ခြင်း။ | သက်ဆိုင်ရာ အဖွဲ့အစည်းထံမှ လမ်းညွှန်ချက်ရယူ၍ ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက် ခြင်း။ | မီးသင်္ဂြိုလ်စက် ဆောက်လုပ်ခြင်း။ |

| | | | | | |
|---|---|---|---|---|---|
| လူတန်းစေ့ သန့်ရှင်းသော သောက်သုံးရေ လွယ်ကူစွာ မရရှိခြင်း။ | သန့်ရှင်းသောရေ မရရှိခြင်း ။ | ရေသန့်စက်ထားရှိရန် မြေနေရာ ရှိခြင်း၊ ကျေးရွာမှထည့်ဝင်ငွေ ရရှိနိုင်ခြင်း။ | ရေသန့်စက်တပ်ဆင်ရန် ငွေကြေး၊ နည်းပညာနှင့် ဗဟုသုတ အသိအမြင် မရှိခြင်း။ | ကျွမ်းကျင်ပညာရှင် များနှင့်ချိတ်ဆက်၍ လိုအပ်သောနည်းပညာ နှင့်စက်ကိရိယာများ အသုံးပြုဆောင်ရွက် သွားရန်။ သက်ဆိုင်ရာဌာန အကူအညီများဖြင့် အတူတကွဆောင်ရွက် ရန်။ | ရေသန့်စက် တပ်ဆင်ခြင်း။ |
| အမှိုက်စွန့်ပစ်ရန် နေရာ အခက်အခဲ ရှိခြင်း | အမှိုက် စနစ်တကျ မစွန့်ပစ်သဖြင့် အနံ့ အသက်ဆိုးများ ကြောင့် ကျန်းမာရေး ပြဿနာများဖြစ်နိုင် ခြင်း | ကျေးရွာမှ လှူဒါန်းငွေ ထည့်ဝင်နိုင်ခြင်း | အမှိုက်ကားဝယ်ယူရန် ငွေကြေးလုံလောက်မှု မရှိခြင်း | ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။ | အမှိုက်ကား ဝယ်ယူခြင်း။ |
| **ကဏ္ဍ - စိုက်ပျိုးရေး** | | | | | |
| မြောင်းဘောင် များပျက်စီး ခြင်း။ | ရေမသန့်ရှင်းခြင်းနှင့် လျော့နည်း ခြင်း။ | ကျေးရွာသူ/သားများမှ လုပ်အားပေးလိုစိတ် ရှိခြင်း။ | ငွေကြေး မပြည့်စုံခြင်း။ | ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက် ခြင်း။ | စိုက်ပျိုးရေယူမြောင်း ကျောက်စီနံရံ ပြုပြင် ခြင်း |

| | | | | | |
|---|---|---|---|---|---|
| **ကဏ္ဍ - သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်** | | | | | |
| မီးဘေး အန္တရာယ်ဖြစ် ပွားမှု ရှိခြင်း။ | ပူပြင်းခြောက်သွေ့ သည့်ရာသီဥတုရှိသော ကြောင့် နွေရာသီတွင် မီးဘေးအန္တရာယ် ကျရောက်နိုင်ခြင်း။ | ကျေးရွာမှ လှူဒါန်းငွေ ထည့်ဝင်နိုင်ခြင်း။ | မီးသတ်ကားဝယ်ယူရန် ငွေကြေးလုံလောက်မှု မရှိခြင်း ။ | ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ မီးသတ်အဖွဲ့ စနစ်တကျ ဖွဲ့စည်း ပေးခြင်းနှင့် သင်တန်း များ ပို့ချခြင်း။ | မီးသတ်ကား ဝယ်ယူခြင်း။ |
| **ကဏ္ဍ - ကျန်းမာရေး** | | | | | |
| ကျန်းမာရေး ဝန်ထမ်း လုံလောက်မှု မရှိခြင်း။ | ကျန်းမာရေးဝန်ထမ်း ၁ဦးသာရှိခြင်း။ | ကျန်းမာရေး ဆေးပေးခန်း ရှိခြင်း | ကျေးရွာသူ/သားများ ကျန်းမာရေးအသိပညာ အားနည်းခြင်း။ | ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက် ခြင်း။ | ကျန်းမာရေးဝန်ထမ်း များခန့်ထားခြင်း |
| **ကဏ္ဍ - လူငယ်နှင့်အားကစား** | | | | | |
| အားကစား ကွင်း အကာ အရံမရှိ ခြင်း | ကွင်းမှာ အကာအရံ မရှိသည့်အတွက် တိရစ္ဆာန်များ ဖြတ်သန်းသွားလာ ခြင်းကြောင့် ပျက်စီးမှု ရှိခြင်း | ကျေးရွာလူထုမှ လုပ်အားနှင့် လှူဒါန်းငွေ ထည့်ဝင်နိုင်ခြင်း၊ ကျေးရွာရှိ လူငယ်များ အားကစားအပေါ် စိတ်ဝင် စားမှုရှိခြင်း၊ | နှစ်စဉ်ပြင်ဆင်စရိတ် ကုန်ကျမှုများပြားခြင်း။ | သက်ဆိုင်ရာဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။ | အားကစားကွင်းခြံစည်း ရိုးကာရံခြင်းနှင့် မြေညှိခြင်း |

ကျေးရွာတွင် အဓိကလိုအပ်ချက်အဖြစ် အခြေခံအဆောက်အဦများတိုးတက်ရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင်းလမ်းများကောင်းမွန်လာခြင်းဖြင့် ကျေးရွာမှသီးနှံထွက်ကုန်များ အလွယ်တကူဈေးကွက်သို့ ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စွာ သွားလာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မီးသဂြိုလ်စက်ဆောက်လုပ်ခြင်းအားဖြင့် မြေမြှုပ်ရန်မြေနေရာအခက်အခဲရှိမှုအား ဖြေရှင်းပေးနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအား လျှော့ချနိုင်မည်ဖြစ်ပါသည်။ ရေသန့်စက်တပ်ဆင်ပေးခြင်းအားဖြင့် ကျေးရွာသူ/သားများ သန့်ရှင်းသောသောက်သုံးရေရရှိကာ ကျန်းမာစွာနေထိုင်နိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေယူမြောင်းကျောက်စီနံရံပြုပြင်ခြင်းအားဖြင့် ဆည်ရေလုံလောက်စွာရရှိနိုင်မည်ဖြစ်ပါသည်။ စွန့်ပစ်အညစ်အကြေးများအား စနစ်တကျ စီမံခန့်ခွဲပေးခြင်းဖြင့် ကျေးရွာစည်ပင်သာယာပြီး ရောဂါဘယများကင်းဝေးကာ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်မည်ဖြစ်ပါသည်။ အားကစားကွင်း ခြံစည်းရိုးကာရံခြင်းအားဖြင့်ကွင်းပျက်စီးမှုမှကာကွယ်နိုင်ပြီးနှစ်စဉ်ပြင်ဆင်မှုကုန်ကျစရိတ်များလျှော့ချနိုင်မည်ဖြစ်ပါသည်။

# ပုသိမ်ကြီးမြို့နယ်၊ အင်ကျယ်ကျေးရွာ၏

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၃ | ၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | | ၂ | ၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅ | ၇ | ၁၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၀၅ | ၉၉ | ၂၀၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၆၁ | ၄၉၇ | ၉၅၈ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂ | ၂ | ၄ |
| စုစုပေါင်း | | ၅၇၅ | ၆၁၀ | ၁၁၈၅ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၀၀ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အင်ကျယ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၀၀)စု၊ လူဦးရေပေါင်း (၁၁၈၅)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ (၉၅၈)ဦးရှိပါသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ်များကို သိရသောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ခြင်းရှိ/မရှိကိုလည်း သိနိုင်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၄၁၁ | ကောင်း | ရ | ဆည်ရေ |
| ယာမြေ | ၃၂၉ | ကောင်း | ရ | မိုးရေ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ဥယျာဉ်ခြံမြေ | ၁ | ကောင်း | ရ | မိုးရေ |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | ၁ | ကောင်း | ရ | ချောင်း |
| စားကျက်မြေ | ၃၄ | ကောင်း | ရ | မိုးရေ |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၇၇၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ လယ်မြေ၏ မြေဆီလွှာအရည်အသွေးမှာ ကောင်းမွန်ပြီး လိုအပ်သောရေကို ဆည်ရေမှ ရရှိပါသည်။ ယာမြေ၊ စားကျက်မြေနှင့်ဥယျာဉ်ခြံမြေ၏ မြေဆီလွှာအရည်အသွေးတို့မှာလည်း ကောင်းမွန်ပြီး လိုအပ်သော ရေကို မိုးရေမှ ရရှိပါသည်။ ကိုင်း/ကျွန်းမြေ၏မြေဆီလွှာအရည်အသွေးမှာ ကောင်းမွန်ပြီး လိုအပ်သော ရေကိုချောင်းမှ ရရှိပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | နည်း | ခက် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် – ၃၀°C | ပျှမ်းမျှ မိုးရေချိန် – ၆၀ လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် ဓါတ်သတ္တု (ကျောက်မျက် ၊သတ္တု ၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ)စသည်တို့မှာ ရရှိနိုင်မှု နည်းပါးပြီး အသုံးပြု နိုင်မှုအခြေအနေမှာ ခက်ခဲပါသည်။ ဆေးဘက်ဝင်အပင်များအနေဖြင့် ရှားစောင်းလက်ပပ်ပင်များ၊ ကြိတ်မှန်ပင်များနှင့် ဆင်တုန်းမနွယ်ပင်များရှိသော်လည်း ၄င်းအပင်များကို ဆေးဝါးထုတ်လုပ် ရောင်းချနိုင်ရန် နည်းပညာအားနည်းကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ ပျမ်းမျှအပူချိန်မှာ** (၃၀°C)ခန့်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၆၀)လက်မခန့် ရှိသည့်အတွက် သင့်တင့်မျှတသော ရာသီဥတု ရှိကြောင်း တွေ့ရှိရပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း<br>ကျား-၅ဦး |
| ၂ | သခင်မတောင်ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃☑ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း<br>ကျား-၈ဦး |
| ၃ | ဓမ္မစကြာအဖွဲ့ | ၁☐ ၂☐ ၃☑ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း<br>မ-၃၀ဦး |
| ၄ | မွန်မြတ်သူအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း<br>ကျား-၂၀ဦး<br>မ-၂၀ဦး |
| ၅ | သာယာရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း<br>ကျား-၁၅ဦး |
| ၆ | မီးကော်မတီ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☑ | ကောင်း |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | အဖွဲ့ | | ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျား-၁၀ဦး |
| ၇ | ကျေးရွာ မြစိမ်းရောင် ကော်မတီ | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း<br>ကျား-၄ဦး<br>မ-၃ဦး |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့် ။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့ ။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ စည်းစည်းလုံးလုံးဖြင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသူ/သားများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်မှု အားကောင်းကြောင်းတွေ့ရှိရပါသည်။ ထို့အတွက်ကြောင့် ကျေးရွာဖွံ့ဖြိုးမှု အားကောင်းရန် အလားအလာရှိကြောင်းလည်း တွေ့ရှိရပါသည်။ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ သခင်မတောင်ဂေါပကအဖွဲ့၊ မီးကော်မတီအဖွဲ့ ၊ ဓမ္မစကြာအဖွဲ့ ၊ မွန်မြတ်သူအဖွဲ့၊ ကျေးရွာမြစိမ်းရောင်ကော်မတီနှင့် သာယာရေးအဖွဲ့ဟူ၍ အဖွဲ့ (၇)ဖွဲ့ ရှိပေသည်။ ထိုအဖွဲ့အစည်းများမှာ စည်းလုံးမှုရှိခြင်း၊ တက်ကြွခြင်း၊ စီမံခန့်ခွဲမှုကောင်းခြင်း၊ မှတ်တမ်းနှင့် စာရင်းဇယား များ စနစ်တကျထားရှိမှုတို့ကြောင့် ရေရှည်တွင် ယခုထက်ပိုမို တိုးတက်လာနိုင်ကြောင်း လေ့လာ တွေ့ရှိရပါသည်။**

## (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာခနအဆင့် အခြေအနေ

**ဇယား (၅)ဥစ္စာခနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀-၁၀ဧက | ၁၀-၅ ဧက | ၅-၂ ဧက | - |
| အိမ်အခြေအနေ | နံကပ်နှစ်ထပ် | ပျဉ်ထောင်၊နှစ်ထပ် သွပ်မိုး | သွပ်မိုးထရံကာ တစ်ထပ် | မြေစိုက် သက္ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် | လယ်ထွန်စက်၁စီး | လယ်ထွန်စက် ၁စီး | ဆိုင်ကယ် ၂စီး | ဆိုင်ကယ် ၁စီး |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| ဆိုင်သော ပိုင်ဆိုင်မှု | ကား ၁စီး ထော်လာဂျီ ၁စီး | | | |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး တောင်သူကြီး | တောင်သူ | မွေးမြူရေး | ပန်းရံ၊လက်သမား၊ ဆေးသုတ် |
| အိမ်ထောင်စု | ၅၀ | ၁၀၀ | ၇၅ | ၇၅ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု ၅၀စုရှိပြီး အဆင်ပြေသော အိမ်ထောင်စု၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး တောင်သူကြီး ဖြစ်ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ ၁၀၀ စုရှိပြီး တောင်သူ လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စု ၇၅စု ရှိပြီး မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုအရေအတွက် ၇၅စုရှိပြီး ပန်းရံ၊ လက်သမား၊ ဆေးသုတ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည် ။**

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၄၄ | ၆၁% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၂၄ | ၁၀% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၄၉ | ၂၀% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၁၉ | ၈% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၂ | ၁% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၂၃၈ | ၁၀၀% | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**အခြေအနေတွင် မြေယာမဲ့အိမ်ထောင်စုများမှာ** ၁၄၄ အိမ်ထောင်စု (၆၁%) **ရှိသဖြင့် မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု နည်းပါးကြောင်းလေ့လာတွေ့ရှိရပါသည်။**

အိမ်ထောင်စု ၂၈စုမှာ တောင်သူကြီးအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အလယ် အလတ်စားတောင်သူအိမ်ထောင်စု ၁၉စုရှိပြီး တောင်သူငယ် ၄၉အိမ်ထောင်စု ရှိပါသည်။ ၂.၅ဧက အောက်မြေပိုင်ဆိုင်သည့်အိမ်ထောင်စု ၂၄စု ရှိပါသည်။

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၈.၅ | တင်း | ၈၀ | ၁၂၀ | ၁၀၀ | သင့် |
| ငှက်ပျော | ၃၄ | ခိုင် | ၅၀၀ | ၇၀၀ | ၆၀၀ | သင့် |
| သရက် | ၃၅ | ပင် | ၅၀ | ၇၀ | ၆၀ | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ စပါးစိုက်ဧကစုစုပေါင်း ၈.၅ ဧကရှိပြီး တစ်ဧကအနည်းဆုံး အထွက်နှုန်းမှာ တင်း ၈၀၊ အများဆုံးအထွက်နှုန်းမှာ တင်း၁၂၀နှင့် ပျမ်းမျှ ၁၀၀တင်းခန့် ထွက်ရှိကြောင်း တွေ့ရှိရပါသည်။ ငှက်ပျောပင် စိုက်ဧကစုစုပေါင်း ၃၄ဧကခန့်ရှိပြီး တစ်ဧကလျှင်အနည်းဆုံး အခိုင် ၅၀၀မှ အများဆုံး အခိုင် ၇၀၀ နှင့် ပျမ်းမျှ အခိုင်၆၀၀ခိုင်ခန့် ထွက်ရှိကြောင်း တွေ့ရှိရပါသည်။ သရက်စိုက်ဧကစုစုပေါင်း ၃၅ဧကခန့်ရှိပြီး ပင်ပြတ်စနစ်ဖြင့် ရောင်းချကြသည်ကို တွေ့ရှိရပါသည်။**

## (၄.၃) မွေးမြူရေးလုပ်ငန်း

**ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| နွား | ၉၀ | ၂၃၇ |
| နို့စားနွား | ၂၇ | ၅၈ |
| ကျွဲ | | |
| မြင်း | ၁ | ၁ |
| မြည်း | | |
| လား | | |
| ဆိတ် | ၂ | ၉၀ |
| သိုး | | |
| ဝက် | ၃၇ | ၉၁ |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ကြက် | ၄၈ | ၂၂၅ |
| ဘဲ | ၂ | ၈ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုစွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွားမွေးမြူသောအိမ်ထောင်စု ၉၀ စုတွင် နွားအကောင်ရေ ၂၃၇ကောင်၊ နို့စားနွား မွေးမြူထားသောအိမ်ထောင်စု ၂၇ စု တွင် အကောင်ရေ ၅၈ ကောင်၊ မြင်း မွေးမြူသော အိမ်ထောင်စု ၁ စုတွင် အကောင်ရေ ၁ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု ၃၇ စု တွင် အကောင်ရေ ၉၁ကောင်၊ ကြက်မွေးမြူသောအိမ်ထောင်စု ၄၈ စုတွင် အကောင်ရေ ၂၂၅ကောင်၊ ဘဲမွေးမြူသော အိမ်ထောင်စု ၂ စုတွင် အကောင်ရေ ၈ကောင် မွေးမြူထားကြောင်း၊ ဆိတ်မွေးမြူသော အိမ်ထောင်စု ၂ စုတွင် နွားအကောင်ရေ ၉၀ကောင် မွေးမြူထားကြောင်း လေ့လာတွေ့ရှိရပါသည် ။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၄ | ၂၀ | | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၄ | | ၈ | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ | ၄ | | ၄ | လတ် |

| | | | | | |
|---|---|---|---|---|---|
| | အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၅ | | ၅ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၃ | ၂ | ၃ | လတ် |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှအ ပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။လက်လီလက်ကား ရောင်းဝယ်မှုလုပ်ငန်းအရေအတွက် ၅ခု နှင့် မိသားစုဝင် လုပ်အား၅ယောက်ရှိပြီး ရပ်တည်နိုင်မှု အလယ်အလတ်တွင်ရှိပါသည်။** ကျွမ်းကျင် ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) လုပ်ငန်းအရေအတွက် ၄ခုရှိပြီး **မိသားစုဝင်လုပ်အား ၂ဦးရှိပြီး** ရပ်တည်နိုင်မှု **အလယ်အလတ်တွင်ရှိပါသည်။** ဆောက်လုပ်ရေး ၊ လက်သမား၊ ပန်းရံ လုပ်ငန်း**အရေအတွက် ၄ခုနှင့်လုပ်သားဝန်ထမ်း၂၀ယောက် ရှိပြီး ရပ်တည်နိုင်မှု အလယ်အလတ်တွင်ရှိပါသည်။** ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး လုပ်ငန်း ၄ခုနှင့် မိသားစုဝင်လုပ်အား၈ယောက် ရှိပြီး ရပ်တည်နိုင်မှု အလယ်အလတ်တွင်ရှိပါသည်။ **ပညာရေးလုပ်ငန်း ၃ခုရှိပြီး လုပ်သားဝန်ထမ်း ၂ယောက်** နှင့်**မိသားစုဝင် လုပ်အား၃ယောက်ရှိပြီး ရပ်တည်နိုင်မှု အလယ်အလတ်တွင်ရှိပါသည်။**

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | ပုသိမ်ကြီးမြို့မဈေး | ဈေးချို |
| **ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☑ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☑ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့် အနီးဆုံးဈေး ပုသိမ်ကြီးမြို့မဈေးသည် ၅မိုင်မှ ၁၀မိုင် အထိ ရှိပါသည် ။ အကြီးစားဈေးကွက်မှာ ဈေးချိုဖြစ်ပြီး ကျေးရွာမှ ၁၅မိုင်ခန့်ဝေးကွာပါသည်။**

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ26

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| **ရွာတွင်းလမ်း** | ၁☐၂☐၃☑ ၄☐၅☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| **ချဉ်းကပ်လမ်း** | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| **ရွာချင်းဆက်လမ်း** | ၁☐၂☐၃☑ ၄☐၅☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံ☑ | ၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလမ်းမှာ ကျောက်ချောလမ်းဖြစ်ပါသည်။ ရွာချင်းဆက်လမ်းမှာလည်း ကျောက်ချောလမ်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town<br>အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးပြုခြင်း မရှိပါ ။**

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ28

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၂၀ | ၂၄၅ | ၃ | ၃ | ၁၀ | | ၈၄ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်** သယ်ယူပို့ဆောင်ရေးယာဉ်များ အနေဖြင့် စက်ဘီး ၂၀စီး၊ မော်တော်ဆိုင်ကယ် ၂၄၅ စီး၊ ထော်လာဂျီ ၃ စီး၊ သုံးဘီးဆိုင်ကယ် ၃စီး၊ ကား ၁၀စီး နှင့် နွားလှည်း ၈၄ စီး ရှိပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**29

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | ၁၆၅ |
| ဆိုလာစနစ် | |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၄ |
| လေစွမ်းအင် | |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| ဓါဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အိမ်ထောင်စု ၁၆၅စုမှာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိပါသည်။ အိမ်ထောင်စု ၄ စုမှာ ဒီဇယ်သုံးအင်ဂျင်ဖြင့် လျှပ်စစ်မီးသုံးစွဲလျက်ရှိကြောင်း လေ့လာ သိရှိရပါသည် ။**

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၃၁၇ | ၃၆ | ၁၄၀ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ ဖုန်းအသုံးပြုလျက်ရှိပါသည်။ တီဗွီမှာလည်း အလုံးရေ၁၄၀လုံးနှင့် ရေဒီယိုအလုံးရေ ၃၆လုံး အသုံးပြုလျက်ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။**

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၈ | ၂၈ | ၅၆ |
| အလယ်တန်း | ၂၈ | ၁၇ | ၄၅ |
| အထက်တန်း | ၁၈ | ၁၈ | ၃၆ |
| တက္ကသိုလ်/ကောလိပ် | ၁၉ | ၁၇ | ၃၆ |

**ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။ ။**ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းအဆင့်ပညာသင်ကြားနေသူကျောင်းသား-၂၈ဦး၊ ကျောင်းသူ-၂၈ဦး၊ စုစုပေါင်း (၅၆)ဦး ရှိပါသည်။ အလယ်တန်းအဆင့်ပညာသင်ကြားနေသူ ကျား-**

၂၈ဦး၊ မ-၁၇ဦး၊ စုစုပေါင်း (၄၅)ဦး ရှိပါသည်။ အထက်တန်းအဆင့် ပညာသင်ကြားနေသူ ကျောင်းသား -၁၈ဦး ၊ ကျောင်းသူ-၁၈ဦး၊ စုစုပေါင်း ၃၆ဦး ရှိပါသည်။ တက္ကသိုလ်ကျောင်းသား အရေအတွက်မှာ ကျား-၁၉ဦး၊ မ-၁၇ဦးရှိပြီး စုစုပေါင်း ၃၆ဦး ရှိပါသည်။

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က**။ ကျောင်းအဆင့် | မူလတန်း ☑<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☑ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| **ခ**။ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ**။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐ | | | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ**။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၂၈၀၀ စတုရန်းပေ | | | | | | | | |
| **င**။အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း ☑ သင့် ☐ ညံ့ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ | | |
| **စ**။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | | |
| **ဆ**။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☑ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☑ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဈ**။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ**။ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၄ | ၅ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး** ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာမှာ ၂၈၀၀ စတုရန်းပေ ရှိပါသည်။ ကျောင်းတွင် အစိုးရခန့် ဆရာ ၁ဦးနှင့် ဆရာမ ၄ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောင်း၏အမိုး၊ နံရံ၊ အခင်း အရည်အသွေးမှာ ကောင်းပါ

သည်။ ကျောင်းသုံးပရိဘောဂလုံလောက်မှု မရှိပါ။ ကျောင်းအိမ်သာအခြေအနေမှာ ကောင်းမွန်ပါသည် ။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၂ | သွေးလွန်တုပ်ကွေး | *မြင့်*☐ | *နိမ့်*☑ | *မရှိ*☐ |
| ၃ | ငှက်ဖျား | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်* ☐ | *နိမ့်*☐ | *မရှိ* ☑ |
| ၆ | တီဘီ | *မြင့်* ☐ | *နိမ့်*☐ | *မရှိ*☑ |
| ၇ | ဆီးချို | *မြင့်* ☑ | *နိမ့်*☐ | *မရှိ*☐ |
| ၈ | သွေးတိုး | *မြင့်* ☑ | *နိမ့်*☐ | *မရှိ*☑ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်* ☐ | *နိမ့်*☐ | *မရှိ*☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | *မြင့်* ☐ | *နိမ့်*☐ | *မရှိ*☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | *မြင့်* ☐ | *နိမ့်*☐ | *မရှိ*☑ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ **ကျေးရွာတွင် သောက်သုံးရေသန့်ရှင်းမှုရှိသောကြောင့်** ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု မရှိပါ။ ကျေးရွာတွင် ရေမြောင်းများ၊ မိုးတွင်း၌ ရေအိုင်များ ရှိသောကြောင့် ခြင်ပေါက် ဖွားမှု ဖြစ်နိုင်ပါသည်။ **ကျေးရွာတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ နိမ့်ပေသည်။ နေ့စဉ်သုံးနေသော ဟင်းချိုမှုန့်၊ စားအုန်း ဆီ၊ အချိုဓာတ်/ အင်ဓာတ် များသော အစားအစာများ စားသုံးလာမှုကြောင့် သွေးတိုး နှင့်ဆီးချို ဖြစ်ပွားနိုင်ချေ မြင့်ပါသည်။**

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| *စဉ်* | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | *ရှိ* | *မရှိ* |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကာကွယ်ဆေးထိုးခြင်းများ လစဉ်လတိုင်းရှိပါသည်။ မွေးကင်းစမှ အသက် ၂ လအထိ အဆုတ်ရောဂါကာကွယ်ဆေးထိုးပါသည်။ ကလေးအသက် ၂လ၊ ၄ လနှင့်၆လ (၃)ကြိမ်အပြည့် ဆုံဆို့ကြက်ညှာ၊မေးခိုင်နှင့်အသည်းရောင်အသားဝါ ကာကွယ်ဆေးထိုးရပါသည်။ ၎င်း(၃)ကြိမ်တိုင်းတွင် ပိုလီယိုအစက်ချကာကွယ်ဆေးနှင့်ထိုးဆေးတို့ကိုပါ ဆောင်ရွက်ပါသည်။ ကိုယ်ဝန်ဆောင်များကိုလည်း ကိုယ်ဝန် ၂ လ တွင်လည်းကောင်း၊ ကိုယ်ဝန်ရှိကြောင်း သေချာစွာသိရှိချိန်တွင်လည်းကောင်း မေးခိုင်ရောဂါကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်မိခင်တိုင်း (၂)ကြိမ်ပြည့်အောင် ထိုးကြပါသည်။ ဝက်သက်ရောဂါကာကွယ်ဆေးကို ကလေးအသက် ၉ လ တွင်လည်းကောင်း၊ ကလေးအသက်၁၈လတွင်လည်းကောင်း (၂)ကြိမ်ပြည့်အောင် ဝက်သက်ကာကွယ်ဆေးထိုးရပါသည်။ကျေးရွာရှိ ၂နှစ်အောက်ကလေးတိုင်း ကာကွယ်ဆေးကို ပြည့်မှီအောင်ထိုးကြရပါသည်။အသက်၅နှစ်အောက်ကလေးများကို ကျန်းမာရေးဌာနမှ စီမံချက်ဖြင့် ဝက်သက်အစုလိုက်ရောဂါကာကွယ်ဆေးထိုးပေးခြင်း ၊ ဗိုက်တာမင်အေ မျက်စိကြည်ဆေးတိုက်ကျွေးခြင်းများကိုလည်း ပြုလုပ်ဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။ စာသင်ကျောင်းတွင် အာဟာရဖွံ့ဖြိုးရေးအတွက် စုပေါင်းအာဟာရတိုက်ကျွေးခြင်းများ ပြုလုပ်ကြောင်း သိရပါသည်။ စာသင်ကျောင်းသို့ ကျန်းမာရေးဌာနမှလာရောက်ပြီး ကျောင်းကျန်းမာရေးစစ်ဆေးခြင်း၊ ကျောင်းသား/ကျောင်းသူတို့ကို အရပ်အမြင့် ၊ အလေးချိန်၊ လက်မောင်းပတ်တိုင်းခြင်းများ လုပ်ဆောင်ပေးကြောင်းသိရပါသည်။ ထိုသို့ပြုလုပ် ပေးခြင်းနှင့်အတူ အာဟာရပညာပေးအစီအစဉ်များကိုပါ ကျန်းမာရေးဌာနမှ မျှဝေဟောပြောကြောင်း သိရပါသည်။**

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☑<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက်☐ | ရှိ ☑<br>မရှိ ☐ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း(၁)ခုရှိပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ဆေးရုံသို့ သွားရောက်ကုသရကြောင်း တွေ့ရှိရပါသည်။**

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု(မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၉ | ကောင်း☑ သင့်☐ ညံ့☐ | မိုး၊ဆောင်း၊နွေ |
| အဝီစိတွင်း/ စက်တပ် | ၇၂ | ကောင်း☑ သင့်☐ ညံ့☐ | မိုး၊ဆောင်း၊နွေ |
| အဝီစိတွင်း/ တုံကင် | ၆၄ | ကောင်း☑ သင့်☐ ညံ့☐ | မိုး၊ဆောင်း၊နွေ |
| မိုးရေ သိုလှောင်ကန် | ၁ | ကောင်း☐ သင့်☑ ညံ့☐ | မိုး |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေတွင်း ၉ခု၊ အဝီစိတွင်း/စက်တပ် ၇၂ခုနှင့် အဝီစိတွင်း/တုံကင်၆၄ ခုရှိပြီး မိုး၊ဆောင်း၊နွေအသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မိုးရေလှောင်ကန်**

**၁ခုရှိပြီး မိုးရာသီတွင် အသုံးပြုရန်အဆင်ပြေကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၃ |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၇၇ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအိမ်ထောင်စုများမှာ ရေဆွဲအိမ်သာ၃လုံး၊** ရေလောင်း/ယင်လုံအိမ်သာ ၁၇၇လုံး အသုံးပြုလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈) ဘေးအန္တရာယ်များ**

**ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ**

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မရှိပါ။ |
| ၃ | ရေကြီးခြင်း | မရှိပါ။ |
| ၄ | မိုးခေါင်ခြင်း | မရှိပါ။ |
| ၅ | အအေးလွန်ကဲခြင်း | မရှိပါ။ |
| ၆ | မုန်တိုင်း | မရှိပါ။ |
| ၇ | ငလျင် | မရှိပါ။ |
| ၈ | မီးဘေး | မရှိပါ။ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိပါ။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိပါ။ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ။ |
| ၁၃ | တီဘီရောဂါ | မရှိပါ။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိပါ။ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်နိုင်သည့် ဘေးအန္တရာယ် အခြေအနေများ မရှိပါ။**

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

**ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | - | |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | - | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လယ်မြေများသည် မြေဆီမြေသြဇာကောင်းမွန်ပြီး စိုက်ပျိုးရေးနည်းပညာများ အလွယ်တကူရရှိနိုင်သဖြင့် အန္တရာယ်မရှိနိုင်ပါ။ အခြားသဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များလည်း အန္တရာယ်မရှိနိုင်ပါ။ ရေအရင်းအမြစ်အနေဖြင့် ကျေးရွာအတွက် သောက်သုံးရေလုံလောက်မှုရှိပြီး စိုက်ပျိုးရေးအတွက်လည်း ဆည်ရေသောက်ဖြစ်သည့်အတွက် စိုက်ပျိုးရေလုံလောက်မှုရှိပါသည်။**

**(၁၀) ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☐ | မရှိ☑ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ☑ | မရှိ☐ |

**ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအမျိုးသမီးများသည် စီမံအုပ်ချုပ်မှုပိုင်းမှာ တက်ကြွစွာ**

ပါဝင် လုပ်ဆောင်ခြင်းမရှိကြပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်လုပ်ဆောင်နေကြသည်ကို တွေ့ရပါသည်။